# မိဘများ၏ အခွင့်အရေးများအကျဉ်းချုပ်

မိဘများ၏အခွင့်အရေးများ အသေးစိတ်ရှင်းလင်းချက်များ(ဤရှင်းလင်းချက်များကို ပုံနှိပ်၍ မိဘများထံ ဝေငှပါမည်) တွင် ဖေါ်ပြထားသည့်အတိုင်း အခွင့်ရေးများကို ဥပဒေမှ အကာအကွယ်ပေးထားပါသည်။ ထိုအချက်အလက်များကို ရှင်းပြရန်ကျွန်ုပ်တွင် တာဝန်ရှိပါသည်။ ဤရှင်းလင်းချက်တွင် အဓိက အချက်အလက်များကို ဖေါ်ပြထား သော်လည်း ရှင်းလင်းချက်အပြည့်အစုံကို ဖတ်ရန်တိုက်တွန်းပါသည်။

***အခမဲ့ပညာရေးစနစ်*** ။ ။ Indiana ပြည်နယ် အခမဲ့ပညာရေးစနစ်တွင် ပြည်သူများအတွက် သင့်တော်သော ပညာရေးစနစ်အပြင် မသန်စွမ်းသူများအတွက် ပညာရေးနှင့်သက်ဆိုင်သောဝန်ဆောင်မှုများ ပါဝင်ပါသည်။ မသန်စွမ်းသောသူများသည် အသက် ၃ နှစ်မှ အသက် ၂၂ နှစ်အထိ အခမဲ့ပညာရေးနှင့် ဝန်ဆောင်မှုများကို ခံစားခွင့်ရှိပါသည်။

***အကဲဖြတ်မှု*** ။ ။ သင့်ကလေးတိုးတက်မှု အကဲဖြတ်စံနှုန်းများကို အခွင့်အရေးများ အသေးစိတ်ရှင်းလင်းချက် ပုံနှိပ်စာအုပ်၏ "အကဲဖြတ်မှု" ခေါင်းစဉ်အောက်တွင် ဖေါ်ပြထားပါသည်။

အကယ်၍ ထိုပြဌာန်းထားသော စံနှုန်းများကို သဘောမတူပါက တစ်ဦးချင်းပညာရေးအကဲဖြတ်ရန်အတွက် မေတ္တာရပ်ခံ တောင်းဆိုနိုင်ပါသည်။ ဤသို့တောင်းဆိုပါက ကျောင်းမှ တစ်ဦးချင်းအကဲဖြတ်မှုကို တောင်းဆိုနိုင်သော နေရာနှင့် လိုအပ်သော အချက်အလက်များကို သင့်ကိုပေးပါမည်။ ထိုအကဲဖြတ်မှုအတွက် ကုန်ကျစရိတ်များကို ကျောင်း၌တောင်းခံပါက ကျောင်းမှစရိတ်များ ပေးချေမည်၊ မပေးချေမည်ကို သင့်ထံသို့ အကြောင်းကြားပါမည်။

သတိပြုရန်မှာ တစ်ဦးချင်းပညာရေးအကဲဖြတ်မှုသည် ကျောင်းမှပြဌာန်းထားသော အကဲဖြတ်မှု စံနှုန်းများကို သဘောမတူမှသာ တောင်းဆိုရပါမည်။

***ကော်မတီ ဆွေးနွေးပွဲများ(CCC)*** ။ ။ CCC အဖွဲ့တွင် သင်(ကျောင်းသားမိဘများ) နှင့် ကျောင်းမှ တာဝန်ရှိသူများ ပါဝင်ပါသည်။ CCC မှ သင့်ကလေးသည် အထူးပညာရေးအတွက် သင့်လျော်မည်၊ မသင့်လျော်မည်ကို ဆုံးဖြတ်ပါမည်။ သင့်ကလေးသည် အထူးပညာရေးအတွက် သင့်လျော်ပါက သင့်ကလေး တိုးတက်ရေးအတွက် အစီအစဉ်များကို ချမှတ်ပါမည်။ ဤအစီအစဉ်များတွင် အချက်အလက်များစွာ (ဥပမာ – ပညာသင်ကြားရန်နေရာ၊ လိုအပ်မည့် ဝန်ဆောင်မှုများ) ပါဝင်ပါသည်။ ကော်မတီသည် မည်သည့် ဆုံးဖြတ်ချက်ကိုမဆို သင်၏သဘောထားမပါပဲ ဆုံးဖြတ်မည်မဟုတ်ပါ။ သင့်တွင် ကော်မတီနှင့်အစည်းအဝေး ခေါ်ရန် အခွင့်အရေးအချိန်မရွေး ရှိပါသည်။

***ကြိုတင်အကြောင်းကြားစာ နှင့် သဘောတူညီမှု*** ။ ။ ကျွန်ုပ်တို့၏ကျောင်းသည် သင့်ကလေး၏ အထူးပညာရေး နှင့်ပတ်သက်၍ သင်၏အကြောင်းကြားစာရရှိမှသာ ဆက်လက်ဆောင်ရွက်နိုင်ပါသည်။ ဥပမာ – သင်၏




***Department of Special Education***
203 E Douglas Avenue • Fort Wayne, IN 46802 • Phone: 260.467.1110 • Fax: 260.467.1189

အကြောင်းကြားစာ ရရှိမှသာ သင့်ကလေး၏ ပညာရေးတိုးတက်မှုကို ပထမအကြိမ် အကဲဖြတ်မှုပြုလုပ်ခြင်း၊ သင့်တော်သော ဝန်ဆောင်မှုများကို ပေးခြင်း အစရှိသည်တို့ကို ဆောင်ရွက်နိုင်ပါသည်။

သို့သော် သင့်ကလေးအတွက် အရေးတကြီးလိုအပ်သော ဝန်ဆောင်မှုများကိုမူ ကျောင်းမှ သင့်အား အကြောင်းကြားပြီး ၁၀ ရက်အကြာတွင် သင်၏သဘောတူညီ မှုအကြောင်းကြားစာ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ သင့်ကလေးအတွက် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ အကယ်၍ သင်က ထိုဆုံးဖြတ်ချက်များကို ချမှတ်သည့် အစည်းအဝေးများကို တက်ရောက်ရန် ခွင့်တောင်းခဲ့ပါက သင်နှင့်အတူ အစည်းအဝေးပြုလုပ်ပြီးမှသာ ထပ်မံလိုအပ်သော ဝန်ဆောင်မှုများကိုပေးပါမည်။ ထိုဝန်ဆောင်မှုများကို ပေးရန် သဘောတူညီမှု မရှိသေးပါက ယခင်ချမှတ်ထားသော အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်နေမည် ဖြစ်ပါသည်။

***ကန့်သတ်မှုအနည်းဆုံးပတ်ဝန်းကျင်။*** ။ သင်၏ကလေးသည် အခြားကလေးများနှင့်အတူ အသင့်တော်ဆုံးသော ပညာရေးရရန် အခွင့်အရေးရှိပါသည်။ ထိုအတွက် ကျောင်းမှတစ်ဦးချင်း၏ လိုအပ်ချက်များကို အထိရောက်ဆုံးဖြစ်ရန် ဆောင်ရွက်ပေးပါမည်။

***ပညာရေးမှတ်တမ်းနှင့်မှတ်တမ်းလုံခြုံရေး။*** ။ သင်သည်သင့်ကလေးနှင့် သက်ဆိုင်သော မည်သည့် ပညာရေးမှတ်တမ်းကိုမဆို ဖတ်နိုင်ခွင့်၊ စစ်ဆေးနိုင်ခွင့်ရှိပါသည်။ ကျောင်းမှ သင့်ကလေး၏ ပညာရေးမှတ်တမ်းကို သင်၏ခွင့်ပြုသော အကြောင်းကြားစာ မရရှိပဲ အခြားမည်သူကိုမဆိုပေးခြင်း၊ IDEA အစည်းအဝေးများအတွက် အသုံးပြုခြင်းများကို ပြုလုပ်မည် မဟုတ်ပါ။ သို့သော် ကျောင်းမှအချို့သော ဌာနများ – ဥပမာ သင့်ကလေး၏ ကျောင်းအသစ် (သို့) ရဲဌာန (Law enforcement) များကိုမူ လိုအပ်သည်အတိုင်း ပညာရေးမှတ်တမ်းကို ပို့ပေးပါမည်။

***တိုင်တန်းမှု၊ ဖျန်ဖြေမှု နှင့် ဆောင်ရွက်ရမည့်အစီစဉ်များ။*** ။ ကျောင်းမှသင့်ကလေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့်အညီ မလုပ်ဆောင်ပါက Division of Exceptional Learners သို့ စာရေး၍ တိုင်တန်းနိုင်ပါသည်။ ထိုသို့တိုင်တန်းရာတွင် လုပ်ဆောင်ရမည့်လုပ်ထုံး၊လုပ်နည်းများ အသေးစိတ်ကို "မိဘများအခွင့်အရေးများ အသေးစိတ်ရှင်းလင်းချက်" ၏ တိုင်တန်းမှု ခေါင်းစဉ်အောက်တွင် ဖေါ်ပြထားပါသည်။

အကယ်၍ ကျောင်းမှသင့်ကလေးပညာရေးအတွက် လုပ်ဆောင်ပေးမှုများကို သင်သဘောမတူပါက ညှိနှိုင်းရေးအဖွဲ့သည် ကျောင်းနှင့်သင့်ကို ညှိနှိုင်းပေးရန် သင့်အတွက် အသင့်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရန် ပါဝင်မှု မပါဝင်မှုကို သင်နှင့် ကျောင်းတို့မှ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ပါသည်။ လုပ်ဆောင်ရမည့်လုပ်ထုံးလုပ်နည်းများ အသေးစိတ်ကို "မိဘများအခွင့်ရေးများ ရှင်းလင်းချက်" ၏ ဖြေရှင်းမှုများ ခေါင်းစဉ်အောက်တွင်ဖေါ်ပြထားပါသည်။



*Department of Special Education*
203 E Douglas Avenue • Fort Wayne, IN 46802 • Phone: 260.467.1110 • Fax: 260.467.1189

သင်သည် သင့်ကလေးပညာရေးနှင့်ပတ်သက်၍ တရားရုံးတွင် စစ်ဆေးကြားနာလိုပါက တောင်းဆိုနိုင်ပါသည်။ ထိုသို့တရားရုံးတွင် စစ်ဆေးကြားနာမှုသည် တရားဝင်သတ်မှတ်ချက်များအတိုင်းဆောင်ရွက်ရမည် ဖြစ်ပြီး လိုအပ်သော သက်သေအထောက်အထားများကို တရားရုံးသို့တင်သွင်းရပါမည်။ လုပ်ဆောင်ရမည့်လုပ်ထုံးလုပ်နည်းများ အသေးစိတ်ကို "မိဘများ၏အခွင့်အရေးများ အသေးစိတ်ရှင်းလင်းချက်" ၏ ဆောင်ရွက်ရမည့် အစီအစဉ်များ ခေါင်းစဉ်အောက်တွင်ဖော်ပြထားပါသည်။

***စည်းကမ်းလိုက်နာမှု***။ ။ သင့်ကလေးသည် ချမှတ်ထားသော စည်းကမ်းများကို ဖောက်ဖျက်ပါက ကျောင်းစည်းကမ်း ထိမ်းသိမ်းရေးမှ သတ်မှတ်ထားသည့်အတိုင်းရေးယူမည်ဖြစ်ပါသည်။ သင့်လေးကို ကျောင်းမှ ရက်ပေါင်း ၁၀ ရက်အထိကျောင်းတက်ရောက်ခွင့်ကို ဆိုင်းငံ့ထားနိုင်ပါသည်။ သို့သော် ၁၁ရက်မြောက်နေ့တွင်မှ ကျောင်းမှသင့်ကလေးကို ပြန်လည်၍လက်ခံ ပညာသင်ကြားပေးရပါမည်။ အကယ်၍ သင့်ကလေးသည် အခြားသော ကလေးများကို အနှောက်အယှက်ပေးပါက ထိုသို့မပြုလုပ်နိုင်ရန် ကျောင်းမှလိုအပ်သလို ကြိုးစားဆောင်ရွက်ပါမည်။

***မှတ်ချက်***။ ။ သင့်ကလေး အသက် ၁၈နှစ်ပြည့်ပါက ဤအခွင့်အရေးများသည် သင်ကလေးနှင့်သာ သက်ဆိုင်ပါမည်။

ယခု ပုံနှိပ်ထားသော "<u>မိဘများ၏အခွင့်အရေးများ အသေးစိတ်ရှင်းလင်းချက်</u>" မိတ္တူကို ဝေငှပါမည်။ မရှင်းလင်းသော အချက်အလက်များ ရှိပါကလည်း မေးမြန်းနိုင်ပါသည်။

*** ဤစာသည်မသန်စွမ်းသူများ အခမဲ့ပညာရေးအတွက် ကာကွယ်မှုလုပ်ထုံးလုပ်နည်း ညွှန်းတမ်းမဟုတ်ပါ။ ***

***Department of Special Education***
203 E Douglas Avenue • Fort Wayne, IN 46802 • Phone: 260.467.1110 • Fax: 260.467.1189